၂၀၂၃ ခုနှစ်၊အောက်တိုဘာလ (၁)ရက်မှ (၇)ရက်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု ကြုံတွေ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ



စဉ်	ပြည်နယ်နှင့် တိုင်းဒေသကြီး	ကျူးလွန်သည့် အကြိမ်ရေ	မှတ်ချက်
၁	စစ်ကိုင်း	၉	
၂	မကွေး	၄	
၃	မွန်	၁	
၄	ကယား	၂	
၅	တနင်္သာရီ	၁	
၆	မန္တလေး	၁	
၇	ရန်ကုန်	၁	
၈	ပဲခူး	၅	
၉	ကချင်	၁	
၁၀	ကရင်	၃	
	စုစုပေါင်း	၂၈	

အောက်တိုဘာလ (၁)ရက်မှ (၇)ရက် အတွင်း စစ်အာဏာရှင်တပ်သားများက ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး နှင့် ကယားပြည်နယ်တို့တွင် လေကြောင်းအသုံးပြု ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းများ ပြုလုပ်ခဲ့သည်။ အောက်တိုဘာလ (၁)ရက်နေ့ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တွင် စစ်အာဏာရှင်တပ်သားများ၏ ရေယာဉ်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ (၁)ဦး သေဆုံးခဲ့သည်။ စစ်အာဏာရှင်တပ်သားများ စစ်ကိုင်းဒေသကြီး နှင့် မကွေးတိုင်းဒေသကြီး မှ ဒေသခံ ပြည်သူ (၁၁)ဦးခန့်ကို ဖမ်းဆီးခဲ့ပြီး (၅)ဦးကို လူသားဒိုင်းနှင့် ဓားစာခံအဖြစ် ဖမ်းဆီးခဲ့သည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with Infogram

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်မှ (၇)ရက်အတွင်း စစ်အာဏာရှင်တပ်များမှ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ



စဉ်	လူ့အခွင့်အရေး ချိုးဖောက်ခံရသည့် နည်းလမ်းများ	အကြိမ်ရေ	မှတ်ချက်
၁	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်သတ်ခြင်း	၅	
၂	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ဒဏ်ရာရခြင်း	၄	
၃	လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း	၈	
၄	အာဏာပြ မြို့မြေသြောက်ခြင်း/ အမိန့်ထုတ်ပြန်ကြော်ငြာခြင်း	၃	
၅	ဗုံးကြဲတိုက်ခိုက်ခြင်း	၁	
၆	ဖမ်းဆီးခံရခြင်း	၂	
၇	လူသားဒိုင်း ပြုလုပ်ခြင်း/ဓားစာခံအဖြစ် ဖမ်းဆီးခြင်း	၂	
၈	ရေယာဉ်ဖြင့် ပစ်ခတ်ခြင်း	၁	
၉	လျှပ်စစ်မီး ဖြတ်တောက်ခြင်း	၁	
၁၀	ပြည်သူပိုင်အဆောက်အဦး/ပစ္စည်းများမီးရှို့ဖျက်/ဖျက်ဆီးခြင်း	၄	
၁၁	ပြည်သူပိုင် အဆောက်အဦး/ပစ္စည်းများ ဖျက်/ဖျက်ဆီးခြင်း	၄	
၁၂	လေကြောင်းအသုံးပြုခြင်း	၃	
၁၃	အသက်မပြည့်သေး ကလေးများ ထိခိုက်ခြင်း	၁	
၁၄	နေရပ်ဒေသ စွန့်ခွာရခြင်း	၂	

စစ်အာဏာရှင်တပ်သားများ၏ လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် ပစ်ခတ်မှုကြောင့် တပတ်အတွင်း ပြည်သူ (၅)ဦး သေဆုံးခဲ့ပြီး (၆)ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ စစ်အာဏာရှင်တပ်သားများ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် ကလေးငယ် (၁)ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ စစ်အာဏာရှင်တပ်သားများ၏ စစ်ကြောင်းထိုး ဝင်ရောက်မှုများကြောင့် တပတ်အတွင်း နေရပ်ဒေသ စွန့်ခွာမှု (၂)ကြိမ် ပြုလုပ်ခဲ့ကြရသည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with Infogram